ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သံရုံး
ဝါရှင်တန်မြို့

## အကြောင်းအမျိုးမျိုးကြောင့် အမေရိကန်ပြည်ထောင်စုသို့ ရောက်ရှိနေသည့် မြန်မာနိုင်ငံသားများ မြန်မာနိုင်ငံသို့ ပြန်လည်သွားရောက်နိုင်ရေး အသိပေးကြေညာခြင်း

၁။ ယခုအခါ၌ Covid-19 ရောဂါကူးစက်ပြန့်ပွားမှု အန္တရာယ်မှ တားဆီးကာကွယ်နိုင်ရေး၊ ထိရောက်စွာထိန်းချုပ်ရေး အစီအမံများကို အကောင်အထည်ဖော်လျက်ရှိရာ မြန်မာနိုင်ငံသို့ ပျံသန်း ပြေးဆွဲလျက်ရှိသည့် အပြည်ပြည်ဆိုင်ရာ ခရီးသည်တင်လေယာဉ်များ၏ ပျံသန်းဆင်းသက်မှုကို ၁၅-၅-၂၀၂၀ ရက်နေ့အထိ ယာယီရပ်ဆိုင်းထားပါသည်။ သို့ဖြစ်ရာ အကြောင်းအမျိုးမျိုးကြောင့် ပြည်ပနိုင်ငံအသီးသီးသို့ ရောက်ရှိနေပြီး ဆက်လက်နေထိုင်ရန် အခက်အခဲကြုံတွေ့နေပြီး မဖြစ်မနေ နိုင်ငံသို့ပြန်ရန် လိုအပ်နေသော မြန်မာနိုင်ငံသားများအား အထူးလေယာဉ်များဖြင့် မြန်မာနိုင်ငံသို့ ပြန်လည်ဝင်ရောက်နိုင်ရေးအတွက် မြန်မာသံရုံး၊ ဝါရှင်တန်မြို့မှ စတင်ဆောင်ရွက်လျက်ရှိပါသည်။

၂။ အထက်ဖော်ပြပါ အမေရိကန်နိုင်ငံမှ မြန်မာနိုင်ငံသို့ ပြန်လိုသော မြန်မာနိုင်ငံသားများ အနေဖြင့် အထူးလေယာဉ်ဆိုက်ရောက်မည့် ဆုံမှတ်မြို့သို့ မိမိအစီအစဉ်ဖြင့် သွားရောက်ရမည်ဖြစ်ပြီး ထိုမှတစ်ဆင့် မြန်မာနိုင်ငံသို့ ပြန်လည်ဝင်ရောက်နိုင်ရေးကို စီစဉ်ပေးမည်ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ အမေရိကန်ပြည်ထောင်စုမှ မြန်မာနိုင်ငံသို့ မဖြစ်မနေပြန်ရန် လိုအပ်သော မြန်မာနိုင်ငံသားများအနေဖြင့် ပူးတွဲပါပုံစံကို ပြည့်စုံစွာဖြည့်စွက်လျက် မြန်မာသံရုံး၏ အီးမေးလ် လိပ်စာဖြစ်သော mewdcusa@yahoo.com သို့ **၃၀-၄-၂၀၂၀ ရက် (ကြာသပတေးနေ့) နောက်ဆုံးထား၍** ပေးပို့ပါရန် အကြောင်းကြားအပ်ပါသည်။ ပုံစံကို မြန်မာသံရုံး၏ Facebook Page ဖြစ်သော https://www.facebook.com/mmembassywashingtondc/နှင့် Website စာမျက်နှာ http://www.mewashingtondc.org/တို့မှ ရယူနိုင်ပါသည်။ အခြားသိရှိလိုသော အချက်အလက်များရှိပါက မြန်မာသံရုံး၊ ဝါရှင်တန်မြို့ ဖုန်းနံပါတ် (202)332 3344၊ (202) 332 4352 တို့သို့ ဆက်သွယ်မေးမြန်း နိုင်ပါသည်။

၄။ ဆုံမှတ်မြို့များသို့ ရောက်ရှိမည့် မြန်မာနိုင်ငံသား ခရီးသည်အရေအတွက်အပေါ်မူတည်၍ အထူးလေယာဉ်ပြေးဆွဲနိုင်မည့် နေ့ရက်နှင့် အချိန်ကိုလည်းကောင်း၊ သွားရောက်ရမည့် ဆုံမှတ်မြို့

ကိုလည်းကောင်း ထပ်မံအသိပေးကြေညာသွားမည်ဖြစ်ပါသည်။ ဆိုမှတ်မြို့မှ မြန်မာနိုင်ငံသို့ ပျံသန်းမည့် အထူးလေယာဉ်သို့ စီးနှင်းလိုက်ပါမည့် ခရီးသည်များအနေနှင့် ခရီးစရိတ်ကို ပေးချေရမည်ဖြစ်ပါသည်။ လေယာဉ်လက်မှတ်ဝယ်ယူရေးနှင့် ပတ်သက်သည့် အချက်အလက်များကိုလည်း ထပ်မံအသိပေးသွားမည်ဖြစ်ပါသည်။

၅။ မြန်မာနိုင်ငံသို့ ပြန်လည်ဝင်ရောက်မည့် မြန်မာနိုင်ငံသားများအနေဖြင့် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိချိန်တွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ချမှတ်ထားသည့် လူထုအခြေပြု ကုသစောင့်ရှောက်မှုပေးခြင်း(Community Based Facility Quarantine)တွင် (၂၁)ရက်နှင့် မိမိနေအိမ်တွင် (Home Quarantine) (၇)ရက် စုစုပေါင်း(၂၈)ရက်ကို မပျက်မကွက် နေထိုင်ကြရန် လိုအပ်မည်ဖြစ်ပါကြောင်း ထပ်လောင်းအသိပေးအပ်ပါသည်။

**မြန်မာသံရုံး၊ ဝါရှင်တန်မြို့**
**ရက်စွဲ၊ ၂၀၂၀ ပြည့်နှစ်၊ ဧပြီလ ၂၇ ရက်**